ဒေါ်ခင်ကြည် – ဖောင်ဒေးရှင်း
အမှတ် (၅၄/၅၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

၁၅ရက် ဇူလိုင်လ ၂၀၁၇ ခုနှစ်

ဒေါ်အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း

**အကြောင်းအရာ -၂၀၁၇ ခုနှစ် ဖွန်လအတွက် ရွေ့လျားစာကြည့်တိုက် တိုးတက်မှုအစီရင်ခံစာ**

၂၀၁၇ ခုနှစ် ဖွန်လအတွက် **ကော့မှူး၊ နေပြည်တော်၊ ကလော၊ နတ်မောက်၊ မြောင်းမြနှင့် အင်းစိန်**တို့တွင် ကျွန်ုပ်တို့၏ ရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု တိုးတက်မှု အစီရင်ခံစာကို တင်ပြရခြင်းအတွက် ကျွန်ုပ်အနေဖြင့် ကျေနပ်ဂမ်းမြောက်ပါသည်။

## I. ကော့မှူးရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

### I.A အသင်းဝင်

ဖွန်လကုန်အထိ အသင်းဝင် (၁၈,၆၃၁) ဦးဖြစ်ပါသည်။
အသင်းဝင်နှုန်းထားသည် ၂၀၁၇ ခုနှစ် မေလမှနှုန်းထားနှင့်အတူတူဖြစ်သည်။

### I.B စာအုပ်ငှားရမ်းမှု

လက်ရှိတွင် ကော့မှူး၌ စာအုပ်စုစုပေါင်း (၂၄,၂၇၇)အုပ်ကို စာရင်းပြုစုထားရှိပြီးငှားရမ်းလည်ပတ်လျှက်ရှိပါသည်။
၂၀၁၇ ဖွန်လအတွင်း စာအုပ်ငှားရမ်းမှုမှာ(၄,၆၁၅) ကြိမ် ဖြစ်ပါသည်။
ထို့ကြောင့် ကော့မှူးတွင် ၂၀၁၇ မတ်လနှင့်နှိုင်းစာပါက ဖွန်လအတွင်း စာအုပ်ငှားရမ်းမှုမှာ (၂၂) % တိုးတက်မှုရှိပါသည်။ ကော့မှူးတွင် လုပ်ငန်းစတင်လည်ပတ်သော ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၁၇ ခုနှစ် ဖွန်လအထိ (၃ နှစ်ကျော်အတွင်း) စာအုပ်ငှားရမ်းမှု စုစုပေါင်း (၃၅၅,၃၁၈)ကြိမ်အထိ ရှိခဲ့ပါသည်။

တစ်လလျှင် စာအုပ်ငှားရမ်းလည်ပတ်မှု ပျမ်းမျှအရေအတွက်မှာ(၇,၅၅၉.၉၆) ကြိမ်ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် (၁၅) ကြိမ်ခန့် ပျှမ်းမျှခြင်းအားဖြင့် ငှားရမ်းလည်ပတ်မှုရှိပါသည်။

အောက်ပါဖယားသည် ကော့မှူးရွေ့လျားစာကြည့်တိုက်၏ လောလောဆယ် လှည့်လည်ရောက်ရှိနေသည့်ကျေးရွာ အရေအတွက်ဖြစ်ပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကော့မှူး | |
|---|---|
| MBL - ဘတ်စ် ၁ | ၂၀ ရွာ |
| MBL - ဘတ်စ် ၂ | ၁၄ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၆ ရွာ |
| ကျေးရွာစုစုပေါင်း | ၅၀ ရွာ |

## II.နေပြည်တော်ရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

### II.A အသင်းဝင်

နေပြည်တော်တွင် ၂၀၁၇ခုနှစ် ဇွန်လကုန်အထိ(၁၃,၉၇၀) ဦး အသင်းဝင်ရှိပါသည်။

### II.B စာအုပ်ငှားရမ်းမှု

နေပြည်တော်ရုံးတွင် စာအုပ် (၁၉,၉၃၈)အုပ်ကို ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ ဇွန်လအတွက် စာအုပ်ငှားရမ်းမှု အကြိမ်မှာ(၂၁၆၉)ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၇ မတ်လနှင့်စာပါက ဇွန်လအတွင်း စာအုပ်ငှားရမ်းမှုမှာ (၅) % တိုးတက်မှုရှိပါသည်။

နေပြည်တော်လုပ်ငန်းစတင်လည်ပတ်သည်မှ ၄၀ လအတွင်း စာအုပ်ငှားရမ်းမှုအကြိမ် စုစုပေါင်း(၃၀၁,၅၅၄) ရှိပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ ငှားရမ်းမှု အရေအတွက်မှာ(၇,၅၃၈.၈၅)ကြိမ်ဖြစ်ပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၁၅ ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

နေပြည်တော် ရွေ့လျားစာကြည့်တိုက်မှယခုလက်ရှိ ဝန်ဆောင်မှုပေးလျှက်ရှိသည့် ကျေးရွာအရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နေပြည်တော် | |
|---|---|
| နေပြည်တော် | ၂၅ ရွာ |
| ပျဉ်းမနား | ၂၀ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၅ ရွာ |
| ကျေးရွာစုစုပေါင်း | ၆၀ ရွာ |

## III.ကလောရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

စာအုပ် (၁၂,၅၆၃)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ စာကြည့်တိုက်များ၊ ရပ်ရွာထဲရှိ အများပြည်သူ စုဝေးရာနေရာများ၊ ဘုန်းကြီးကျောင်းများနှင့် ရုံးများအပါအဝင် နေရာ ၅၀ သို့ လှည့်လည်ရောက်ရှိနေပါသည်။ ရွှေ့လျားစာကြည့်တိုက်ဘတ်စ်ကားများသည် ညောင်ရွှေ၊ ပင်းတယ နှင့် ရွာငံမြို့နယ်များသို့လည်းရောက်ပါသည်။

### III.A အသင်းဝင်

ကလောတွင် ၂၀၁၇ခုနှစ် ဖွန်လကုန်အထိ(၁၂,၀၂၂) ဦး အသင်းဝင်ရှိပါသည်။

### III. B စာအုပ်ငှားရမ်းမှု

ဇွန်လအတွက် စာအုပ်ငှားရမ်းမှုမှာ (၆၆၄၅)ကြိမ် ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၇ မတ်လနှင့်စာပါက ဇွန်လအတွင်း စာအုပ်ငှားရမ်းမှုမှာ (၁၂) % တိုးတက်မှုရှိပါသည်။

၂၀၁၅ ဖေဖော်ဝါရီလ မှ ၂၀၁၇ ဇွန်လအထိ ( ၂၉ လ အတွင်း ) စုစုပေါင်းစာအုပ် (၁၁၁,၄၆၉)ကို ငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုကြိမ်ရေမှာ (၃,၈၄၃.၇၆) ကြိမ်ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၈.၈၇ ကြိမ် ငှားရမ်းလည်ပတ်မှု ရှိပါသည်။

ကလောမှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသောကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကလော | |
|---|---|
| MBL - ဘတ်စ် ၁ | ၁၈ ရွာ |
| MBL - ဘတ်စ် ၂ | ၁၄ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၈ ရွာ |
| ရွာစုစုပေါင်း | ၅၀ ရွာ |

## IV.နတ်မောက်ရှေ့လျှားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

၂၀၁၇ ဖွန်လတွင် နတ်မောက်၌လုပ်ငန်းလည်ပတ်မှုကောင်းမွန်နေပါသည်။ လက်ရှိတွင် နတ်မောက်၌ စာအုပ်စုစုပေါင်း(၁၁,၃၈၁)ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### IV.A အသင်းဝင်

နတ်မောက်တွင် ၂၀၁၇ခုနှစ် ဖွန်လကုန်အထိ (၁၀,၀၁၉) ဦး အသင်းဝင် ရှိပါသည်။ အသင်းဝင်နှုန်းထားသည် ၂၀၁၇ ခုနှစ် မေလမှနှုန်းထားနှင့်အတူတူဖြစ်ပါသည်။

### IV.B စာအုပ်ငှားရမ်းမှု

နတ်မောက် - ၂,၇၅၃ ကြိမ်

၂၀၁၇ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်ပါက ဖွန်လအတွင်း စာအုပ်ငှားရမ်းမှုမှာ (၁၀) % တိုးတက်မှုရှိပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ လုပ်ငန်း စတင်ချိန်မှစကာ (၂၃လအတွင်း) စုစုပေါင်းစာအုပ် (၇၂,၀၄၀)ကို ပြည်သူလူထုက ငှားရမ်းခဲ့ပါသည်။
ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုအကြိမ်ရေမှာ(၃,၁၃၂.၁၇)ကြိမ် ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၇ ကြိမ် ခန့် ငှားရမ်းလည်ပတ်မှုရှိပါသည်။

နတ်မောက်မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသောကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နတ်မောက် | |
|---|---|
| MBL - ဘတ်စ် | ၂၆ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၅ ရွာ |
| ကျေးရွာစုစုပေါင်း | ၃၁ ရွာ |

## V.မြောင်းမြရွှေ့လျား စာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

၂၀၁၇ ဖွန်လတွင် မြောင်းမြ၌လုပ်ငန်းလည်ပတ်မှုကောင်းမွန်နေပါသည်။ လက်ရှိတွင် မြောင်းမြ၌ စုစုပေါင်းစာအုပ် ၉,၀၂၇ အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက် ရှိပါသည်။

### V.A အသင်းဝင်

မြောင်းမြ တွင် - ၂၀၁၇ ခုနှစ် ဖွန်လကုန်အထိ (၄,၆၅၁) ဦးအသင်းဝင်ရှိပါသည်။
၂၀၁၇ ခုနှစ် မေလနှင့်စာလျှင် ဖွန်လအတွင်း အဖွဲ့ဝင် (၄.၂)% တိုးလာပါသည်။ ကျွန်ုပ်တို့သည် မြောင်းမြတွင် ရပ်ရွာ၏ထောက်ပံ့ကူညီမှု အပြည့်အဝ ရရှိပါသည်။

### V.B စာအုပ်ငှားရမ်းမှု

မြောင်းမြ - (၃,၅၉၂) ကြိမ်

၂၀၁၇ မေလနှင့် နှိုင်းစာပါက ဖွန်လအတွင်း စာအုပ်ငှားရမ်းမှုမှာ (၄.၄) % တိုးတက်မှုရှိပါသည်။ လုပ်ငန်းစတင်သောဖေဖော်ဝါရီ ၂၀၁၆ မှစပြီး (၁၆-လအတွင်း) စုစုပေါင်းစာအုပ် (၅၄,၂၂၂)ကို လူထုကငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှု အကြိမ်ရေ (၃,၁၈၉.၅၃)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၇.၁၉ ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

မြောင်းမြ မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသောကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ* MBL - မြောင်းမြ | |
|---|---|
| MBL - ဘတ်စ် | ၂၁ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၀ ရွာ |
| ကျေးရွာစုစုပေါင်း | ၃၁ ရွာ |

## VI.အင်းစိန်ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင် အင်းစိန်၌စာအုပ် (၁၁,၁၆၅)အုပ်ကို စာရင်းပြုစုထားရှိပြီး ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### VI.A အသင်းဝင်

အင်းစိန် - (၁,၁၇၅၅)ဦး

၂၀၁၇ မေလနှင့်စာလျှင် ဖွန်လအတွင်း အဖွဲ့ဝင် (၂၁)%တိုးလာပါသည်။

### VI.B စာအုပ်ငှားရမ်းမှု

အင်းစိန် - (၆,၇၃၁) ကြိမ်

၂၀၁၇ မတ်လနှင့် နှိုင်းစာပါက ဖွန်လအတွင်း စာအုပ်ငှားရမ်းမှုမှာ (၇၀) % တိုးတက်မှုရှိပါသည်။ လုပ်ငန်းစတင်သော ဩဂုတ်လ ၂၀၁၆ မှစပြီး (၁၁-လအတွင်း) စုစုပေါင်းစာအုပ် (၃၈,၇၃၂)ကို လူထုကငှားရမ်းခဲ့ပါသည်။
ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှု အကြိမ်ရေ(၃,၅၂၁.၀၉)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၃.၄၆ ကြိမ် ငှားရမ်းလည်ပတ်မှုရှိပါသည်။

အင်းစိန် မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသောကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - အင်းစိန် | |
|---|---|
| MBL - ဘတ်စ် | ၃၃ နေရာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၅ နေရာ |
| ကျေးရွာစုစုပေါင်း | ၃၈ နေရာ |

၂၀၁၆ ဇန်နဝါရီလမှစပြီး လက်ရှိအဖွဲ့ဝင်ဦးရေ၊ ငှားရမ်းလည်ပတ်မှုနှုန်းထားတို့ကိုပြသည့် အောက်ပါဇယားကွက်များကို ကျေးဇူးပြုပြီးကြည့်ပါ။


MBL: Monthly Total Membership Status at Various Centres for Past One Year
20,000
18,000
16,000
14,000
12,000
10,000
8,000
6,000
4,000
2,000
-
Jan' 16
Feb' 16
Mar' 16
April' 16
May' 16
June' 16
July' 16
Aug' 16
Sep' 16
Oct' 16
Nov' 16
Dec' 16
Jan' 17
Feb' 17
Mar' 17
April' 17
May' 17
June' 17
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein


MBL: Monthy Total Circulation Status at Various Centres for Past One Year
9,000
8,000
7,000
6,000
5,000
4,000
3,000
2,000
1,000
-
Jan' 16
Feb' 16
Mar' 16
April' 16
May' 16
June' 16
July' 16
Aug' 16
Sep' 16
Oct' 16
Nov' 16
Dec' 16
Jan' 17
Feb' 17
Mar' 17
April' 17
May' 17
June' 17
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein


Accumulated Circulation Status at Various Centre
400,000
350,000
300,000
250,000
200,000
150,000
100,000
50,000
-
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein


Average Monthly Circulation Status
8,000.00
7,000.00
6,000.00
5,000.00
4,000.00
3,000.00
2,000.00
1,000.00
-
7,559.96
7,538.85
3,843.76
3,132.17
3,189.53
3,521.09
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein

## VII. အခြားလုပ်ငန်းများ

## VII.A .ကွန်ပျူတာသင်တန်းများ

အောက်ပါဇယားသည် အခြေခံအိုင်စီတီသင်တန်းကိုလက်ရှိတက်ရောက်နေသည့် သင်တန်းသားအရေအတွက်နှင့် သင်တန်းပြီးသွားသော သင်တန်းသားအရေအတွက်တို့ကိုဖော်ပြပါသည်။

### ရွှေ့လျားစာကြည့်တိုက်များရှိကွန်ပျူတာသင်တန်းများ

| စဉ် | စာကြည့်တိုက် အမည် | လက်ရှိ အမှတ်စဉ် | စာရင်းသွင်း သင်တန်းသား | ပြီးခဲ့သော သင်တန်း အမှတ်စဉ်များ | တက်ရောက် သင်တန်းသား | သင်တန်းပြီးမြောက်သူ အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကော့မှူး | အမှတ်စဉ်-၂၀ | ၁၁၇၆ | အမှတ်စဉ်-၁၇ | ၁၁၂၆ | ၈၁၁ | အမှတ်စဉ်-၂၀ ကို ဇူလိုင် ၂၂ ရက်တွင်ဖွင့်လှစ်ပါမည်။ |
| ၂ | နေပြည်တော် | အမှတ်စဉ်-၃ | ၆၅ | အမှတ်စဉ်-၃ | ၆၅ | ၃၄ | အမှတ်စဉ်-၄ ကို ဇူလိုင်လ အတွင်း ဖွင့်လှစ်ပါမည်။ |
| ၃ | ကလော | အမှတ်စဉ်-၇ | ၂၄၁ | အမှတ်စဉ်-၆ | ၂၄၁ | ၁၉၆ | အမှတ်စဉ်-၇ တက်ရောက်ဆဲ |
| ၄ | နတ်မောက် (Central) | အမှတ်စဉ်-၉ | ၁၆၄ | အမှတ်စဉ်-၈ | ၁၆၄ | ၁၅၃ | အမှတ်စဉ်-၉ တက်ရောက်ဆဲ |
| | နတ်မောက် (Myothit) | အမှတ်စဉ်-၇ | ၁၄၀ | အမှတ်စဉ်-၃ | ၁၄၀ | ၉၂ | အမှတ်စဉ်-၆ နှင့် ၇ တက်ရောက်ဆဲ |
| ၅ | မြောင်းမြ | အမှတ်စဉ်-၆ | ၂၀၉ | အမှတ်စဉ်-၅ | ၂၀၉ | ၁၆၆ | |
| ၆ | အင်းစိန် | အမှတ်စဉ်-၃ | ၁၁၂ | အမှတ်စဉ်-၂ | ၁၁၂ | ၇၉ | အမှတ်စဉ်-၄ ကို ဇူလိုင်လ ကုန်တွင် ဖွင့်လှစ်ပါမည်။ |

**VII.B. ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

အသစ်ပြင်ဆင်ပြီးဖြစ်၍ လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်သော အင်းစိန် ၊ မြောင်းမြ ၊ နတ်မောက် နှင့် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် ပုံပြောပြိုင်ပွဲများ ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် စာစီစာကုံးပြိုင်ပွဲများ ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း ၊ Mobile Information Literacy Training သင်တန်းတို့ကို ဆောင်ရွက်လျှက်ရှိပါသည်။

"အခြေခံ ကွန်ပျူတာသင်တန်းများကို ရွှေ့လျားစာကြည့်တိုက်များ အားလုံးတွင် အခမဲ့သင်ကြားပေးလျှက် ရှိရာ စာကြည့်တိုက်လုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူများကလည်း စေတနာ့ဝန်ထမ်း အဖြစ်တစ်ပတ်လျှင်တစ်ရက် ရွှေ့လျားစာကြည့်တိုက်နှင့် လူထုအခြေပြုလုပ်ငန်းများ၊ အခမဲ့ဖွင့်လှစ်သင်ကြားပေးနေသော သင်တန်းများတွင် ကူညီဆောင်ရွက်လျှက်ရှိပါသည်။

**VII.C. လူထုအခြေပြုဗဟိုဌာန (Community Center) နှင့် ရွှေ့လျားစာကြည့်တိုက်များထပ်မံတိုးချဲ့နိုင်ရန် ဆောင်ရွက်ခြင်း**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်စီမံကိန်းက နေပြည်တော်ရွှေ့လျားစာကြည့်တိုက်ကို ပျဉ်းမနားမြို့နယ်တွင် ပြန်/ဆက်ဦးစီးဌာန နှင့် ပူးပေါင်းကာ လူထုအခြေပြုဗဟိုဌာန(Community Center) အဖြစ်အဆင့်မြှင့်တင်ခြင်းကို ဇွန်လ ၂၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ အခြားပြည်နယ်များနှင့်တိုင်းများတွင် လူထုအခြေပြုဗဟိုဌာန(Community Center) နှင့် ရွှေ့လျားစာကြည့်တိုက်များ ထပ်မံတိုးချဲ့နိုင်ရန်ဆောင်ရွက်လျှက်ရှိရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၁၆-၇-၂၀၁၇ ရက်နေ့တွင် ဆက်လက်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် ၊ ကရင်ပြည်နယ် ဖားအံမြို့ နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့တို့တွင် ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျှက် ရှိပါသည်။

နိဂုံးချုပ်ရပါကရွှေ့လျားစာကြည့်တိုက်စီမံကိန်းနှင့် လုပ်ငန်းလည်ပတ်ရာနေရာအားလုံးရှိ ယင်း၏အမျိုးမျိုးသော ပြုဖွယ်ဆောင်တာများကို ချောချောမွေ့မွေ့ အောင်အောင်မြင်မြင် ဆောင်ရွက်လည်ပတ်နေပါသည်။

လေးစားစွာဖြင့်

ဒေါက်တာသန့်သော်ကောင်း
အမှုဆောင်ကော်မတီအဖွဲ့ဝင်
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း